# ခိုင်မိမိဇင်

## တမ်းတခြင်းများစွာနှင့်အတူ



# တမ်းတခြင်းများစွာနှင့်အတူ

“ဖေကြီးရေ ...သမီးလေးပြန်လာပြီ”

“ဟုတ်လား ... လာပြီအမေကြီးရေ”

ဦးထွန်းလင်းသည် စာကြည့်တိုက်ခန်းမှ လက်ထဲကဖတ်လက်စစာချကာ လျှင်မြန်စွာထွက်လာ၏ ။ အိမ်ဖော်မလေးအတင့် ဖွင့်ပေးသောတခါးပေါက်မှဒေါက်တာဖူးပွင့်စံ ကြည်လင်ပြုံးရွှင်စွာဧည့်ခန်းထဲသို့ ဝင်ရောက်လာသည်။

“သမီးပွင့်...သိခဲ့ရပြီလား”

“သိခဲ့ရပါပြီဖေဖေ၊ပွင့် လွိုင်ကော်ဆေးရုံကိုပိုစတင်ကျတယ်”

ဖူးပွင့်စံကစန္ဒရားကြီးပေါ်တွင် ကားသော့ကိုတင်းရင်းဖခင်ဖြစ်သူအားဖြေလိုက်သည်။

ဒေါ်မိုးခိုင်ကတော့ မျက်နှာမကောင်းပဲဖြစ်သွားသည်။

ဦးထွန်းလင်းသည် ဇနီးဖြစ်သူကိုစောင်းငဲ့ကြည့်ပြီးနှစ်သိမ့်ရန် စကားရှာလိုက်ပါသည်။

“ အမေကြီးရယ် ဘာဖြစ်လို့စိတ်မကောင်းဖြစ်သွားရတာ လဲ ဒီပညာကိုသင်ထားမှတော့ ကျရာတာဝန်ကိုထမ်းဆောင်ရမှာပေါ့စိတ်မချစရာအရွယ်လည်း သမီးလေးကမဟုတ်ပါဘူး”

`သွားရမဲ့ခရီးက ဝေးပါတယ် ၊ သွားရေးလာရေးက ခက်တယ် ၊ သွားရမှာကမိန်းကလေးတယောက်

တည်းကျွန်မစိတ်ချနိုင်ပဲ့ါမလားရှင်...

ဒေါက်တာဖူးပွင့်စံက ညင်ညင်ကလေးရယ်လိုက်ပြီး မိခင်၏ ဘေးတွင်ထိုင်ချကာ မိခင်ပခုံးကို ဖက်လိုက်သည်။

`မေမေ သမီးကို စိတ်မချရင် သမီးနောက်ခဲ့ပေါ့ ၊ မဟုတ်ဘူးလား ဖေဖေ
´

"အေး....အဲ့ဒါလည်း ဟုတ်တာပဲ"

"မေမေက သိပ်လိုက်ချင်တာပေါ့ဒီမှာလည်း မြေးကလေးကစ်ကစ်က ခုနှစ်ရက်တောင်မပြည့်တတ်သေးတော့..."

"တွေ့လားဖေဖေဒီနေရာမှာပေါ်ပြီ သူ့မြေးကစ်ကစ်လေးကို ပွင့်ထက် မေမေပိုချစ်တယ်ဆိုတာလေ"

" ဒီလိုမပြောပါနဲ့ သမီးလေးရယ် မေမေက..."

"သမီးကမေမေ့ကို
တမင်ကျီစားတာပါမေမေသမီးအတွက်ဘာမှမပူနဲ့လိုက်နိုင်တော့မှ လိုက်လာခဲ့
သမီးစုံစမ်းခဲ့ပြီးပြီဟိုမှာနေစရာအားလုံးအဆင်ပြေတယ်သမီးတို့ထက်စောအောင်ထာ
သမီးသိတဲ့ဒေါက်တာသက်နောင်လည်းရှိတယ်ကျန်းမာရေးဝန်ထမ်းတွေအားလုံး
သိပ်သဘောကောင်းပြီး
သိပ်ရိုင်းပင်းကူညီကြတယ်ဆိုတာလည်းသိခဲ့ရတယ်ပြီးတော့လဲ အတင့်ကိုလည်း
ထည့်လိုက်စရာမလိုဘူး ဟိုမှာကူဖော်လောင်ဖက်တွေ ပေါတယ်တဲ့ မေမေ "

"ကဲ... ဘာပြောအုန်းမလဲ အမေကြီး "

"မပြောလိုတော့ပါဘူးရှင် ၊ မပြောလိုတော့ပါဘူး "

ဦးထွန်းလင်းက ဇနီးသည်ကိုကြည့်ကာ ရယ်လိုက်သည်။

"ဒါနဲ့မေမေခင်လို့၊ မေလွင်တို့၊
စိမ့်မိုးအေးတို့ကတော့အင်္ဂပူဆိုရင်တောင်တော်သေးတယ် ဟိုမှာက

ကိုယ်ဇာတိဆိုတော့ အမျိုးအဆွေတွေလိုချည်းပဲ”

“ဒါတော့ ဒါပေါ့ အမေရယ်၊ ကိုယ်ဆန္ဒရှိသလို ဖြစ်မလာတော့ မတတ်နိုင်ဘူးပေါ့၊ ကျရာတာဝန်ကို သမီးကကြိုးကြိုးစားစား ထမ်းဆောင်ရမှာပဲ၊ နေရာမရွေး၊ ဒေသမရွေးပေါ့ မေမေရယ် ”

“သမီးဘယ်တော့လောက် ပြောင်းရွှေ့ရမလဲ ”

“ဒီလကုန်ပဲ မေမေ”

“ဟုတ်တယ်မေမေလွှိုင်ကော်မှာတာဝန်ကျနေတဲ့ ဆရာဝန်မကြီးဒေါ်နုနုခင်က လကုန်ပြောင်းမှာဆို တော့အမိပွင့် သွားရမှာ ဒါကြောင့်ဒီနေ့ညနေ သမီးတို့အဖွဲ့တွေ တွေ့ဆုံနှုတ်ဆက်ပွဲလုပ်ကြမလို့မေမေ”

“ဘယ်မှာလဲ သမီး ”

“ရတနာဥယျာဉ်စားတော်ဆက်မှာပါမေမေကိုမြင့်ဇော်နဲ့ ကိုလူထွန်းအေးတို့ကတော့ စီစဉ်ပြီးကျန်ရစ်ခဲ့ကြတယ် ”

“အေး...အေး ကောင်းတယ်သမီး၊ ကောင်းတယ် ”

“အုဂ်...အုဂ်...အုဂ် ”

“ဟော...မြေးကလေး ငိုနေပြီ ”

“ငိုနေရင်သွားချော့လိုက်ဗျာ၊ သွားချော့လိုက်၊ ဘွားအေကြီးပျောက်သွားလို့ ထင်ပ့ါ ”

“ကိုထွန်းကတော့ပြောမယ်”

ဒေါ်မိုးခိုင်သည် ဖိုင့်သော ခန္ဓာကိုယ်ကြီးနှင့် မလိုက်အောင်သွက်လက်စွာဖြင့် သူ့မြေးကလေးကစ်ကစ်၏ အခန်းဆီသို့ ထ, လျှောက်သွားတော့သည်။

“အင်း…မေမေ့အတွက်တော့ ကစ်ကစ်ကလေးကဆေးကောင်းတခွက်ပဲနော် မေမေကစ်ကစ်ကိုမွေးလာကတည်းကခေါင်းမူးတာတို့ ၊ သွေးတိုးတာတို့ ၊ မောတာတို့ဆိုတာ မကြားရသလောက်ပဲ ”

“ဟုတ်တယ်သမီး ၊ အဲ့ဒါကိုဖေဖေလည်း တော်တော် ဝမ်းသာနေရတယ် ”

“အတင့်ရေ… အတင့် ဘာလုပ်စရာရှိသလဲ ”

“ရတယ် မမပွင့် ၊ မမပွင့် ဘာခိုင်းမလဲ ခိုင်းလေ”

“ကိုကိုထွန်း နိုင်ငံခြားက ပြန်လာတုန်းက မမပွင့်ကိုပေးတဲ့ ဖိုက်ဘာသေတ္တာကြီးကို ဇီရိုခေါင်မိုးပေါ်ကချပြီး နေလေးလှန်းပေးထားလိုက်နော် ”

“ဟုတ်ကဲ့ မမပွင့် ၊ အတင့် ခုပဲလုပ်လိုက်ပါ့မယ် ”

“သြော်…လက်ဆွဲအိတ်တလုံးလည်း အဲဒီ အပေါ်မှာ ရှိနေတယ် ၊ အဲ့ဒါကိုပါ နေပြထားလိုက် ”

“ဟုတ်ကဲ့ မမပွင့် ”

“သမီး ယူဆောင်သွားဖို့ လိုတဲ့ ပစ္စည်းတွေ စနေနေ့ ကျမှ မေမေနဲ့ လိုက်ဝယ်ကြတာပေါ့ ”

“ရပါတယ် မေမေ ၊ အတင့်ကိုခေါ်ပြီး သမီးဘာသာ သမီးသွားဝယ်မှာပါ ”

“အင်းသမီးလေး မိဝေး ဖဝေး သွားမယ်ဆိုတော့လည်း အစိုးရိမ်သား ”

“ဘာကိုစိုးရိမ်တာလဲ မေမေ ၊ သမီးကနားလည်တဲ့အရွယ် ရောက်နေပြီပဲဥစ္စာ ”

"အစစ အရာရာပေါ့ သမီးရယ်၊ သမီးကနားလည်တဲ့ အရွယ်ဆိုပေမယ့် ငယ်သေးတယ်၊ ပြီးတော့အပိုအရွယ်ကလေး "

"ဒီအတွက် ဘာမှမပူပါနဲ့ မေမေ၊ သမီး အထူးဂရုစိုက် နေမှာပါ "

" ဒေါက်တာသန်းထိုက်ဘိုနဲ့ကိစ္စကိုကော သမီးလေးမစဉ်းသေးဘူးလား၊ မနေ့တနေ့ကပဲ ဦးစံဘိုနဲ့တွေ့တော့ သူတို့ ကစေ့စပ်ထားချင်တယ်တဲ့ "

"အင်း...ဖေဖေကတော့ အတင်းအကျပ် စီစဉ်ချင်တာမဟုတ်ပါဘူး၊ မိဘမျိုးရိုးကောင်းတယ် ဂုဏ်သိက္ခာရှိတယ်၊ ပညာပြည့်စုံတယ်၊ အဘက်ဘက်ကပြောစရာမရှိတဲ့ မောင်သန်းထိုက်ဘိုကို သမီးလေးနဲ့ သင့်မြတ်စေချင်တယ်၊ စဉ်းစားပေါ့သမီးရယ်၊ ဟုတ်လား "

"ဟုတ်ကဲ့ပါ ဖေဖေ "

"ကဲ...ကဲ လုပ်စရှိတာ သွားလုပ်တော့ "

ဒေါက်တာဖူးပွင့်စံသည် ဖခင်၏ ရှေ့ မှာအသာထ ,၍ မိမိ၏ အိပ်ခန်းဆီသို့ လျှောက်ခဲ့သည်။

မှန်တင်ခုံရှေ့ကခုံလေးတွင်ထိုင်လိုက်ပြီး သူခေါင်းပေါ်က ဆံညှပ်များကိုဖြုတ်နေစဉ် သူမျက်လုံးများကမှန်ပေါင်ထောက်လေးဖြင့် ထည့်ထားသော မှန်တင်ခုန်ပေါ်က ဒေါက်တာသန်းထိုက်ဘို၏ ဓာတ်ပုံဆီသို့ ရောက်ရှိသွားသည်။

အနောက်တိုင်းဝတ်စုံပြည့်နှင့် ကိုယ်တပိုင်းပုံ ရိုက်ထားသော ဒေါက်တာသန်းထိုက်ဘိုသည် ဥပဓိရုပ်ကောင်းလှတစ်ဦးဖြစ်သည်။

သူ့ဂုဏ်၊ သူ့ပညာ ၊သူ့အသိုက်အဝန်းဆိုတာလည်း ပြောစရာမရှိသည်မို့ ရွေးချယ်သင့်သောလူတစ်ယောက်ပါ။ သို့ သော်...

ဒေါက်တာဖူးပွင့်စံမှ သန်းထိုက်ဘိုကို ဘဝကြင်ဖော်အဖြစ်

လက်တွဲသွားဖို့ ဘယ်လိုမှလက်တွဲသွားဖို့ ဘယ်လိုမှရင်ထဲက လက်မခံနိုင်ပဲ ဖြစ်နေ၏ ။

သူ့ တွင်ချစ်သူရှိနေ၍ လား ဆိုသော်လည်း မဟုတ် ။

သည်နေ့အထိပွင့်ဖူးစံသည် ချစ်သူရည်းစားထားဖို့ဝေးစွ စိတ်ကူးယဉ်မိသူပင် ရှိခဲ့သေးသည်မဟုတ်။

သူ့ကိုဝိုင်းဝန်းပိုးပန်းသူတွေ ဒုနှင့်ဒေးရှိပါသော်လည်း သူ့ရည်ရွယ်ချက်ပန်းတိုင်ဆီသို့ အောင်မြင်စွာရောက်ရှိရန် တစိုက်မက်မက် ကြိုးစားလာခဲ့သော ပွင့်ဖူးစံသည် သူ့ အသိညဏ်ထဲတွင် စာကလွဲ၍ ဘာကိုမျှမထည့်သွင်းခဲ့ပါ ။

ယခု ရည်ရွယ်ချက်ပန်းတိုင်ဆီသို့ စိုက်စိုက်မတ်မတ်ရောက်၍ လာခဲ့ပြီ။မိမိပညာဖြင့် မဖွံ့ ဖြိုးနေ

သောနေရာဒေသများသို့ သွားရောက်၍ ပြည်သူအတွက် ကျန်းမာရေးတာဝန်ထမ်းဆောင်ချင်စိတ်များကသာ

သူ့ ကိုစိုးမိုးနေ၏ ။

ဤသည်ကို ဒေါက်တာသန်းထိုက်ဘို၏ မိခင်ဒေါ်နုနုသွင် က မဲ့ကာရွဲ့ ကာအပြစ်တင်၍  ပြောမဆုံးရှိနေ၏ ။

“အံ့ပါရဲ့ဖူးပွင့်စံရယ် နယ်စွန်နယ်ဖျားတောင်ကြိုတောင်ကြားသမီးမို့သွားချင်တယ်၊ သမီးအနေနဲ့ ဒီလိုထွက်ရာစရာမလိုပါဘူး ရန်ကုန်မှာဆေးခန်းဖွင့်ပြီး နိုင်ငံခြားပညာသင်တွေ ဝင်လျှောက်စမ်းပါ၊အန်တီနုဆိုရင် အန်တီနုသားကိုအောင်,အောင်ချင်း သူ့ဘကြီးရှိတဲ့ကနေဒါကို ပို့ပေးလိုက်တာ အဟင်း...နောက်တစ်နှစ်ဆိုရင် ဖောရိန်းကဘွဲ့ တခုထပ်ရတော့မှာ ၊ အဲဒါကိုအားကျစမ်းပါ ပွင့်ဖူးစံရယ်”

"သြော်…အန်တီနု…အန်တီနု ဂုဏ်ပေါ် ဂုဏ်ချင်းထပ်,ထပ်ပြီး ထပ်နေချင်လည်း သူပဲကိုးကိုယ့် တိုင်းပြည် ကိုယ့်လူမျိုးအတွက် နည်းနည်း ကလေးမှ ထည့်မစဉ်းစားဘူး၊ မဖွံ့ဖြိုးသေးတဲ့ အရပ်ဒေသတွေမှာ နေ,နေရတဲ့ ဒေသခံလူတွေရဲ့ကျန်းမာရေး ဖွံ့ဖြိုးရေးတွေကို ဒီလိုသာဖြင့် ကြည့်မည့်ရှုမည့်လူ ရှိပါဦးတော့မလား၊ အဟင်း … သူတို့အမြင်နဲ့ ငါ့အမြင်ကတော့ ပြဒါးတစ်လမ်း သံတစ်လမ်းပါပဲလေ၊ ဘယ်တော့မှ စေးကပ်နိုင်မယ် မထင်ပါဘူး၊ ကိုသန်းထိုက်ဘိုကြီး သူ့ဘဝကြင်ဖော်အတွက် အခြားတစ်ယောက်ယောက်နဲ့ အမြန်အဆင်ပြေသွားပါစေလို့ပဲငါဆုတောင်းရတော့မှာပဲ"

ပွင့်ဖူးစံက သန်းထိုက်ဘို၏ ဓာတ်ပုံဆီမှ သူ့မျက်စိကို ခွာလိုက်သည်။

"ကိုကိုလည်း ညီမလေး ကယားသွားရမယ်"

"အေး … မေမေပြောလို့ သိပြီးပြီ၊ ညီမလေး ဆုတောင်းပြည့်တယ်နော်၊ ညီမလေး သွားချင်တဲ့ နေရာမျိုးကို ရောက်ရပြီ … "

"ဟုတ်တယ် ကိုကိုထွန်း"

"ဒါနဲ့ ဒီနေ့ ညီမလေးတို့ မိတ်ဆုံစားပွဲ ရှိတယ်ဆို"

"ဟုတ်တယ် ကိုကိုထွန်း"

"ကိုကို လိုက်ပို့ပေးရမလား"

"နေပါစေ ကိုကိုထွန်း၊ ညီမလေး ကားယူသွားမှာပဲ၊ လိုက်မနေနဲ့တော့"

"အပြန် နောက်ကျရင်ကော"

"ရတယ်၊ အပြန် စိမ့်မိုးအေးက မြေနီကုန်းအထိ ပွင့်နဲ့ လိုက်မှာပဲ၊ သူ့အိမ်နဲ့ ဒီဘက်ဆို သိပ်မဝေးတော့ပါဘူး"

"အေး … အေး … ကိုကိုထွန်းက အဖော်လိုမလားလို့ မေးကြည့်တာပါ"

ပွင့်ဖူးစံသည် အလုပ်ကပြန်လာသောအစ်ကိုဖြစ်သူ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာထွန်းနေလင်း နှင့် စကားပြောဆိုပြီး မိတ်ဆုံစားပွဲ သွားဖို့ပြင်ဆင်ရန် မိမိ၏ အိပ်ခန်းဆီသို့ ပြန်ခဲ့သည်။

ရေမိုးချိုးပြီး ဖြီးလိမ်းပြင်ဆင်လိုက်သည်။

နဂိုကတည်းက အပြစ်အနာအဆာဟူသည် မြူတမှုန်စာသော်မျှ မရှိလေသောကြောင့် ပွင့်ဖူးစံမှာအထူးအလှပြင်စရာမလိုဘဲ အလွန်လှပါနေပါသည်။

အင်ဒိုနီးရှားဂမ်းဆက်နှင့် လည်တိုင်ရှင်းရှင်းကလေးတွင် ပုလဲသွယ်လေးတကုံးသာ ဝတ်စင်ထားသောညီမလေးပွင့်ဖူးစံ၏ အလှကိုအစ်ကိုဖြစ်သူ ဒေါက်တာထွန်းလင်းပင်လျှင် မချီးမမွမ်းဘဲ မနေနိုင်အောင်ဖြစ်သွားရသည်။

“ညီမလေးက သိပ်လှတာပဲ ဝင်းမာရယ် ”

“ဟုတ်တယ်မောင်၊ ပွင့်အလှကိုဝင်းမာတောင် မနာလိုချင်တော့ဘူး ”

ယောက်မဖြစ်သူက အရွှန်းဖောက်လိုက်သည်။

“ မမဝင်းမာလဲ လှပါတယ်နော်... လှလို့လည်းအလှကြိုက်တဲ့ပွင့်ကိုကိုထွန်းကရအောင်ယူလိုက်တာပေါ့။ကဲ... တူမချစ်ချစ်လေးရေ တီတီပွင့်သွားတော့မယ် ”

တစ်တုံးတခဲနှင့် ဖွေးဖွေးသန့်သန့်ကြီးချစ်စရာကောင်းနေသော တူမလေးကစ်ကစ်ကိုနမ်းပြီးဒေါက်တာပွင့်ဖူးစံသည်သူ ဆလင်းဘတ်အိတ်ကိုလွယ်လိုက်သည်။

“ညီမလေး ကားထဲမှာ ဆီရှိရဲ့ လား”

“ ရှိတယ်ကိုကိုထွန်း ၊ မနက်ကပဲသုံးဂါလံ ပွင့်ထည့်ထားသေးတယ် ”

"အေး…အေး…ရှိရင်လည်း ပြီးတာပဲ "

" သွား မယ် နော်…"

အားလုံးနှုတ်ဆက်ပြီးဆင်ဝင်အောက်တွင် ရှိနေသောသူ အက်(စ)အီးကား ဖြူဖြူ့ကလေးဆီသို့ ပွင့် ဖူးထွက်ခဲ့သည်။

မေမေကပွင့်ဖူးစံ၏ ကားကလေးမောင်းထွက်သွားသည်ကို မြင်ကွင်းမှပျောက်ကွယ် သွားသည် အထိ လှမ်းမျှော်လို့ နေခဲ့သည်။

ဒေါက်တာပွင့်ဖူးစံသည် အင်းလျားလမ်းမှ မြေနီကုန်းရှိဒေါက်တာစိမ့်မိုးအေး၏ အိမ်သို့မောင်းခဲ့သည်။

သူ့ကားခြံဝတွင်ရပ်လိုက်သည်နှင့် အသင့်ပြင်ဆင်ထားပြီးဖြစ်သော စိမ့်မိုးအေးက ပြေးထွက်လာသည်။

"လာပြီ ပွင့်ရေ…လာပြီ "

ပိုက်ဆံအိတ်ကောက်ကိုင်ကာ ကပျာကယာ ဖိနပ်ကိုစွပ်ပြီးစိမ့်မိုးအေး ကားဆီသို့ရောက်ရှိလာသည်။

" စိမ့်က တယ်လှပါလား "

" အေးပါ မင်းပဲ ဦးအောင်ပြော ပွင့် "

" အမြင်ကို အမြင်ပဲ ချီးကူးတာပါ "

" တော်စမ်းပါပွင့်ရာ ၊ ကိုယ့်ကိုယ်ကိုအသိဆုံးပါ ၊ ရွှတ်ကြမ်းရေကျိုထက် မပိုပါဘူး ၊ ဒါအသာထားဦး ၊ မင်းတို့ အိမ်ကထရန်စဖာကိစ္စ ဘာပြောလဲဟင် "

" နည်းနည်းတော့ မလွှတ်ချင်ကြဘူးပေါ့ကွာ "

" ဒေါ်နုနုသွင်ကြီးကကော "

" သူကတော့ထုံးစံအတိုင်းပေါ့ကွာ၊ ဘယ်သဘောတူလိမ့်မလဲ၊

ကိုယ်ကိုဖားသားစတယ်ရှိပဲ သွားစေ့ချင်တာပေ့ါ ”

“ မင်း ဒေါက်တာသန်းထိုက်ဘိုကို လုံး ,လုံးမှ စိတ်မဝင်စားဘူးလားဟင် ”

“ လုံးဂ, လုံးဂမှ လုံးဂ, လုံးဂပဲ စိမ့်၊ သူ့ကိုကိုယ် ဘယ်လိုမှစဉ်းစားလို့မရဘူး၊ သူ့အမေ အန်တီနုနဲ့တွေ့လိုက်ရင် ပိုပြီးတောင်စိတ်ပျက်သွားမိသေးတယ်”

“ဒေါ်နုနုသွင်ကြီးရဲ့ပုံက ကျောမယ့်ပုံကြီးနော်”

“ဟုတ်တယ်၊ ပွင့်တို့နဲ့လယ်ဘယ်ဖြစ်နေတာတောင် သူကမေမေ့ကို စကားပြောတာ တစ်ခါတစ်ခါ တစ်မျိုးကြီးပဲ၊ ကိုယ်တော့နားထောင်လို့ကို မရဘူး”

“မင်းတစ်နေ့ အိမ်ထောင်ပြုဖို့တော့ စဉ်းစားမှာပေ့ါနော်”

“အင်း… ပြုချင်လည်းပြုမှာပေ့ါ”

“ဘယ်လိုလူစားကို စဉ်းစားမလဲ”

“ဆင်းရဲတာ ချမ်းသာတာက အကြောင်းမဟုတ်ပါဘူး၊ စိတ်တူ သဘောတူနဲ့ ကြင်နာမြတ်နိုးနိုင်မယ့် လူမျိုးကိုပဲ ကိုယ်ရှာယူမယ်”

“ဟုတ်တယ် ပွင့်၊ စိမ့်လည်း အဲသလိုပဲ ဆုံးဖြတ်ထားလို့ ဒီနေ့ စားပွဲကအပြန် ကိုမြင်ဇော်ကို အဖြေပေးလိုက်တော့မယ် ”

“ ဟယ် တကယ်ပြောတာလား ”

“ တကယ်ပေ့ါ ပွင့်ရဲ့ ”

“ ဝမ်းသာလိုက်တာစိမ့်ရယ်၊ ပွင့်တောင်ဒီလောက်ဝမ်းသာရင် ကိုမြင့်ဇော်ကြီးတော့ပြောစရာရှိမယ်မထင်ပါဘူး၊ ဒါဆိုဒီညပွဲကမင့်တို့ပွဲလား ”

“ အဲသလိုပဲ သဘောထားလိုက်ပါတော့ ”

“ ဟော့…စိမ့်၊ မင်းတို့ အိမ်ကကိုမြင့်ဇော်နဲ့ ဆိုရင်သဘောတူပ့ါမလား ”

“ ဖေဖေကတော့ စိမ့်သဘောကို နားလည်တယ်၊ မေမေ့ကိုတော့ နည်းနည်း ပြောယူရမယ်၊ကိုဇော်ဘက်က မပြည့်စုံဘူးမဟုတ်လား ”

“ လူကောင်းဖို့ သာအဓိကပါကွာ၊ ဒီကိစ္စတွေကအကြောင်းမဟုတ်ပါဘူး ”

“ ဟုတ်တယ် ၊စိမ့်လဲအဲသလိုတွေစဉ်းစားပြီးကိုဇော်ကိုခေါင်းညိတ်ဖို ဆုံးဖြတ်လိုက်တာပေါ”

“ ကွန်ဂရက်ကူလေးရှင်း စိမ့် ”

“ သိုင်းကယူး…ပွင့်…သိုင်းကယူး”

ရတနာဥယျာဉ်ဆီသို့ ကျွေးမွေးရေးတာဝန် ယူထားသောဒေါက်တာမြင့်ဇော်က စောစီးစွာရောက်ရှိနေသည်။

“ ဘယ်လဲ စိမ့် ပါမပါ ပြေးကြည့်တာလား ဟင် ကိုမြင့်ဇော် ”

“ အဟင်း အဲဒါလဲ ပါတာပေ့ါ ”

“ ပွင့်သိနေပါတယ်နော်၊ ဟော့…စိမ့်၊ မင့် သူကိုဖွင့်ပြောလိုက်မှာလား ”

“ နေပါဦး စားသောက်ပြီးမှ၊ တော်ကြာ မစားနိုင်ဘဲဖြစ်နေဦးမယ် ”

သူတို့ မျက်နှာတွေ ကြည့်ပြီး မြင့်ဇော် ပျာသွားသည်။

“ ဘာတွေလဲ…ဘာတွေလဲ ကိုယ်ရင်တုန်အောင်မလုပ်နဲ့ စိမ့်ရာ ”

ဒေါက်တာပွင့်ဖူးစံက သူတို့ နှစ်ယောက်၏ ရှေ့မှ လျှင်မြန်စွာထွက်သွား၏ ။

“ အဟင်း…ကိုမြင့်ဇော်ကြီး မျက်နှာကိုပျက်သွားတာပဲ ပွင့်ဖူးစံတစ်ကိုယ်တည်းပြုံးနေမိသည်။”

“ စိမ့် ဘာလဲကွာ မြဲစိစိနဲ့ ၊ကိုဇော် အသည်းယားလာပြီ၊ စိမ့်အိမ်က တခုခုများပြောလိုက်သလားဟင် ”

“ စိမ့်အိမ်က ကိုဇော်နဲ့ သဘောမတူဘူးဆိုရင်ကော ”

“ စိမ့် သဘောကကော ”

“ ကြည့်…သူများမေးတာ မဖြေဘဲ သူကပြန်မေးခွန်းထုတ်နေတယ် ”

“ ကိုယ်ဇော်သိပ်ရင်ပူနေလို့ ပါစိမ့်ရယ်၊ ပြောစမ်းပါ အိမ်ကသဘောမတူမရင် စိမ့်ကလည်းကိုဇော်ကိုငြင်းပစ်မှာလားဟင် ”

“ စိမ့်က ငြင်းလိုက်ရင်ကော ”

မြင့်ဇော်မှာ ရတ်ခြည်းကြက်ကြီး လည်လိမ်ချိုးလိုက်သလိုဖြစ်သွားသည်။

“ ပြောပါအုန်းကိုဇော်ရဲ့ ”

“ကိုယ့်လောက်ကံဆိုးတဲ့လူ ရှိပါဦးတော့မလားစိမ့်ရယ်”

“အဟင်း ဟင်း ရယ်ရတယ်”

“ဗျာ … ခင်ဗျားလေးက ကျုပ်သေမလောက်ဖြစ်နေတာကို ဟာသလုပ်ပြနေတယ်လို့များ ထင်နေသလား”

“အိုး … ဟိုး ဆရာ၊ ဒေါသကြီးလှချည်လား၊ စိမ့်က ချစ်လို့ ကျီစားတာပါ”

“ဘာ … ချစ်လို့ ဟုတ် … ဟုတ်လား”

“အင်းလေ၊ ချစ်လို့ပေါ့”

“စိမ့် … စိမ့် … စိမ့် … တကယ် ကိုဇော်ကိုချစ်တယ်နော်”

“ချစ်လိုက်တာမှ ခိုက်ခိုက်ကိုတုန်လို့ပါတဲ့ရှင်”

“ဟား … ဝမ်းသာလိုက်တာ စိမ့်ရယ်၊ ဒါနဲ့များ

လူကိုစိတ်ဒုက္ခရောက်အောင် နှိပ်စက်ဖြစ်အောင်နှိပ်စက်လိုက်သေးတယ်”

“အဲဒါ အချစ်စမ်းကြည့်တာလေ”

“အေး ... နေဦး ... နေဦး၊ အချစ်စမ်းတဲ့ ကောင်မလေးတော့ သိရမှာပေါ့ကွာ”

“ကြိမ်းလှချည်လား၊ ကြောက်လိုက်တာရှင်”

“ဟဲ့ ... ဘာတွေ ကြောက်နေလိုက်တာလဲ စိမ့်”

“အယ် မေလွင်၊ ဘာမှမဟုတ်ပါဘူး၊ ဘာမှမဟုတ်ပါဘူး၊ ညက သရဲကားကြည့်တဲ့အကြောင်း ပြောပြနေတာ၊ ဟုတ်တယ် မဟုတ်လား ကိုဇော်”

“အင်း ...”

“နေပါဦး၊ မင်းတို့နှစ်ယောက်က ဘယ်မှ သရဲကားသွားကြည့်ကြလို့လဲ”

“အဲ...ဟို... ဟို သရဲကားက စိမ့်တို့အိမ်မှာ ကြည့်တာပါ”

“ဟင်း... စိမ့်အိမ်မှာ ကိုမြင့်ဇော်ကြီးလည်း လာကြည့်တယ်၊ ဒါတော့မဖြစ်နိုင်ဘူး၊ မေလွင် မယုံဘူး”

“ ဒီလိုမေလွင်ရဲ့ ၊စိမ့်အိမ်မှာစိမ့်ကြည်တာကို ပြောပြနေတာ ဘယ်လိုလုပ်ရှုပ်ကုန်မှန်းမသိတော့ဘူးအဟင်း ဟင်း၊ ဒါနဲ့ မူမူခင်လည်း မရောက်သေးဘူးနော်”

“ ကိုလူထွန်းအေး ဝင်ခေါ်လာမယ်ပြောတာပဲ၊ ဟောပြောရင်းဆိုရင်း ဟိုမှာသူ့ တို့ ကားလာနေပြီ ”

“ လူစုံလာကြ ပြီလားဟင် ”

ကားပါက ဆင်းလာသော မူမူခင်က မေးလိုက်သည်။

“ မင့်တို့ ပဲကျန်တာ စုံပြီ မူမူခင် ”

သီးသန့် စီစဉ်ထားသော ပတ္တမြားဆောင်သို့ လူစုံတက်စုံရောက်ရှိသွား ကြသည်။

“ ဟော့…ပရင်းဆက် (အိမ့်ရှေ့ မင်းသမီး)ဘီယာလေးဘာလေး ပါလို မရဘူးလား”

“ ကိုမှန်ကြောင်နော်၊ ပွင့်အစကတည်းက ပြောထားပြီးသား၊ ဘာအရက်မှမပါဘူး၊ ဘီယာလည်း လက်မခံဘူးလို့ ”

“ ပရင့်ဆက်အမိန့် ကတယ်ပြင်းထန်တာပဲဗျာ ”

“ ထန်ထန်ပဲ မရဘူးဆိုမရဘူးဘဲ ”

ဒေါက်တာပွင့်ဖူးစံက မျက်မျက်ထူထူကြီး တပ်ဆင်ထားသော လူထွန်းအေးကို ပြောလိုက်သည်။

“ မှန်ကြောင်ရာ မင်းအိမ်ရောက်မှဘီယာကန်ထဲဆင်းကူးရော့ … ခုတော့ဒါလေးနဲ့ အာသာဖြေထား”

မြင့်ဇော်ကလူထွန်းအေး၏ ရှေ့သို့ စပါကလင်ဖန်ခွက်ကို တိုးရွှေ့ ပေးလိုက်သည်။

“ အင်း…ဘာလိုလိုနဲ့ မေလွင်တို့ တွေလည်း တစ်ယောက်တနေရာစီ လွင့်သွားကြတော့မယ်နော် ”

“ ဟုတ်တယ်…မူမူတော့ အားလုံးကို သတိရနေမှာပဲ ”

“ ပွင့်တို့ လည်း သတိရနေမှာပါ၊ မေ့သွားမှာက ဟို…တစ်ယောက် ”

“ ပွင့်ဖူးစံက စိမ့်မိုးအေးဘက်သို့ မေးကလေး ထိုးပြလိုက်သည်။

“ ပွင့်ကတော့ လုပ်ပြီ ”

“ မဟုတ်လို့ လား ”

“ ဘာတွေလဲကွ၊ မေလွင်တို့ ကိုလည်းပြောပြအုန်းလေ၊ သိချင်တယ် ”

“ ပြောလိုက်လေ စိမ့် ”

စိမ်မိုးအေး၏ ပခုံးကိုအသာတိုက်ကာ ပွင့်ဖူးစံကပြောလိုက်သည်။

“ အလကားပါကွာ ”

စိမ့်မိုးအေး တယောက်မျက်နှာလေးနီမြန်းကာ ရှက်အားတွေပိုနေ၏ ။

“ ဟော့ အေး…ဟော့အေးမရဘူးပြောရမှာပဲ တစ်ခုခုတော့တစ်ခုခုပဲ မေလွင်သိတယ်”

“ ပြောလိုက်လေ စိမ့် ”

“ အို…သူ ပြောပါလား ”

“ အဟီး ရှက်တယ်ဗျ ”

“ ဒီနှစ်ယောက်…ဒီနှစ်ရောက်နော် ဧကန္တတော့ဧကန္တဖြစ်ပြီထင်တယ် ”

“ ဟုတ်တယ်မူမူခင်ရေ…ဟုတ်တယ်၊ သူတို့ ပြေလည်သွားကြပြီ”

“ဟား ဝမ်းသာလိုက်တာ”

“ကွန်ဂရက်ကျူလေးရှင်း”

စိမ့်မိုးအေးနှင့် မြင်ဇော်ကို ဟူလူကဆွဲလိုက်၊ သည်လူကဆွဲလိုက်နှင့် ဝမ်းပန်းတသာ နှုတ်ဆက် လိုက်ကြသည်။

“ဒါဆို ဒီညပွဲက သူတို့ပွဲဖြစ်သွားပြီပေါ့ ဟုတ်လား ပရင်းဆက်”

“ဟုတ်တယ်….. ကိုလူထွန်းအေး၊ ရှင့်အိတ်ထဲက မဟုတ်ရတော့ဘူး၊ သိပ်ဝမ်းသာသွားပြီ မဟုတ်လား”

“ပရင်းဆက်ကလည်းဗျာ ကျွန်တော်ဒီလောက် ကပ်စေးမနဲ့ပါဘူး၊

ဒီမှာတွေ့လား အိတ်အပြည့် ထည့်လာတယ်၊ လိုတာအားလုံးကို ကျွန်တော် စိုက်ဖို့လေ”

“ကြားသား မိုးကြိုးပါလား ပွင့်ရေ”

“ဟုတ်တယ် မေလွင်”

“အင်း… ဒီတိုင်းဆိုရင်တော့ ကိုလူထွန်းအေးကြီး ဒါနမမြောက်ပဲ နေလိမ့်မယ်၊ ဒီတော့ သူဒီနေ့ ဒါနလေးမြောက်သွားအောင်လို့ ဘာလုပ်ခိုင်းရမလဲ၊ အင်း… စဉ်းစားလို့ရပြီ စိန်ကမ္ဘာကို ခေါ်သွားပြီ ညှင်းမယ်၊ သဘောတူလား ပရင်းဆက်”

“ဟေး … တူတယ်…တူတယ်”

“ပွင့်ဖူးစံ ကလက်ခုတ်ကလေးတီးကာ ရယ်မြူးစွာဖြင့် ပြောလိုက်သည်။

ကပ်စေးနဲ့တတ်သောလူထွန်းအေး၏ မျက်နှာမှာ အီလည်လည်ကြီး ဖြစ်နေပါတော့သည်။

“ တို့ ကတော့ ဆလင်းဘတ်ကိုးရာတစ်တောင်တန်ကနေ တစ်ပြားမှမလျှော့ဘူး ဆရာ ”

“ မေလွင်…မင်းကဆလင်းဘတ်၊ ကိုယ်ကရယ်ဒီမိတ်တစ်ထည် ပွင့် နဲ့ စိမ့်ကကောဟင် ”

“ပွင့်ကလား၊ အင်း…ပွင့်က နေဗီရာ တစ်ဗူးဆိုရင် တော်ပါပြီ”

“စိမ့်ကတော့ ထီးတစ်လက်လေ”

“ဟော… ကိုယ်ကော ပါလို့ရလား ဖိုးလူ”

“မင်း…မပါဘူး၊ မိန်းကလေးတွေကိုပဲ ငါဝယ်ပေးမှာ”

“ရပါတယ်ကွာ… စေတနာမရှိရင်လဲ”

"မင်းတို့က နှစ်ယောက်ပေါင်း တစ်ခုတော်ပြီပေါ့ကွ"

"အေးပါကွာ၊ အေးပါ... အေးပါ"

"ကပ်စေးကုပ်ကြီးဆီက လက်ဆောင်ရတော့မယ် ပျော်လိုက်တာ"

"မေလွင်ရာ နင် ဒီလိုမပြောနဲ့၊ ငါနင်တို့ကို မကျွေးလို့လား"

"အင်း... သူများဆီက ဆယ်ခါမှ သူတစ်ခါလောက်တောင် ကျွေးဖူးတာ မဟုတ်ပဲနဲ့"

"နင်က မှတ်ထားလို့လား"

"ငါက ကိုယ့်ဝင်ငွေကို မရှိဘူးလေ၊ မဘ ပေးစာကမ်းစာဆိုတာ မြိုးမြိုးမြှေတာရတယ်"

"အောင်မယ်... အောင်မယ်... ဒီလိုမပြောနဲ့၊ ပွင့်တို့လည်းမိဘ လုပ်စာပဲ စားနေရသေးတဲ့ အချိန်ပါနော် ကိုလူထွန်းအေးကြီး"

"ပရင်းဆက်ရာ နင် ဝင်မပြောနဲ့ နင်တို့က သူဌေး"

"အောင်မယ် ပြောရမှာ၊ မိဘပိုက်ဆံရှိတာ ကိုယ်ကရှိသေးတာမှ မဟုတ်တာ၊ ဟုတ်တယ် မဟုတ်လား၊ သူငယ်ချင်းတို့"

"အေး... ဟုတ်တယ် ဟုတ်တယ်"

"နင်တို့ကို ငါလက်ရော၊ ခြေရောမြှောက် အရှုံးပေးပါတယ်ဟာ"

"လက်ပဲမြှောက်ပါ၊ ခြေမမြှောက်နဲ့ ရှက်တယ်"

"ဟ ဘာရှက်တာလဲ ဒီမိလွင်က"

"အံ့တာပဲ (အတွင်းခံ) မပါရင် ဘယ်နှယ့်လုပ်မလဲ"

"မိလွင်နော် နင်...နင်...နင့် ပါးစပ်....."

ရှက်သွားသော လူထွန်းအေးကိုကြည့်ကာ ဝိုင်းရယ်လိုက်ကြသည်။

"အလကားပါဟယ်၊ အားလုံးပျော်ရအောင်လို့ မေလွင်က စ,တာပါ၊ ထတော့ ပြန်မသွားပါနဲ့ မေလွင်တို့ စားပွဲက အမှိုက်တွေသိမ်းမယ့်လူ မရှိမှာစိုးလို့"

"ကြည့် လုပ်ပြန်ပြီ၊ ဒီမိလွင်မ"

"မေလွင် တော်တော့ ကိုလူထွန်းအေးကြီး စိတ်ကောက်ပြီးပြန်သွားဦးမယ်"

အစ,သန်သော မေလွင့်ကို ပွင့်ဖူးစံက ဝင်တားလိုက်ရသည်။

လူထွန်းအေးကို စ,ရာကနေ မြားဦးက ရုတ်တရက် ပွင့်ဖူးစံဘက်သို့ လှည့်သွားပြန်၏ ။

"အင်း ... စိမ့်နဲ့ ကိုမြင့်ဇော်ဆီက ကိတ်နဲ့အိုက်စကရင် စားရဖို့တော့ သေချာသွားပြီ၊ ပွင့်ဆီကကော"

"အောင်မယ် ပွင့်မှာမှ အဆက်တွေ ဖုထုံးတွေ ရှိမနေတာပဲ မူမူခင်ရဲ့"

"ဒီလိုမပြောနဲ့ ပရင့်ဆက်အတွက် အိမ်ကလူကြီးတွေ နံပါတ်ချိတ်ပေးထားတာကော"

"ဟင့်အင်း ... ပွင့် စိတ်ကူးထဲမှာ သူ မရှိပါဘူး"

"ဒါဖြင့် ပရင့်ဆက်စိတ်ထဲမှာ ဘယ်သူရှိသလဲဟင် .. ကိုယ်လား"

"ကြည့်စမ်း ... ကြည့်စမ်း၊ ဒါမျိုးကျတော့ သွက်လိုက်တာ ကိုလူထွန်းအေးကြီးက"

"ဒီကောင်ကြီးက တောကြောင်ပဲဥစ္စာ၊ ပရင်းဆက်မသိဘူးလား"

"ဟော့ကောင် မြင့်ဇော်၊ မင်း ငါ့ကို ဒီလိုမပြောနဲ့"

"ဒါဆို မင်းက ဘာကောင်လဲ"

“အင်မတန် ရိုးသားတဲ့ ဖိုးသခွားပါကွာ”

“ဟား … ဟား ရယ်ရတယ်၊ ရိုးသားတဲ့ဖိုးသခွားကြီးတဲ့ အမျိုးများတဲ့ ချေးကားကြီးကများ”

“ဟယ် … တော်တော့ နင်တို့ဖောက်လာပြီ၊ ပွင့်ရှို့တတ်လာတယ်နော်”

“ဟုတ်တယ် … ဟုတ်တယ်၊ ဒီနှစ်ယောက်ပါလာရင် သိပ်မလွယ်တော့ဘူး တော့ပစ် (ခေါင်းစဉ်) ပြောင်းကွာ”

“မူမူ့ အမေက သမီးလေးငယ်သေးတယ်တဲ့”

“အားပါး ဒါကြီးလားငယ်တာ”

“ကောင်စုတ် လူထွန်းအေး နင်က ဘာကြည့်ပြောတာလဲ”

ကိုယ်လုံးကိုယ်ထည်ကြီး၍ သဘာဝပစ္စည်းများ ဖွံ့ထွားသော မူမူခင်က သူ့ကိုယ်သူ ငုံ့ကြည့်ပြီး လူထွန်းအေးကို ရန်ထောင်လိုက်သည်။

“အား … မဟုတ်ပါဘူး”

“သူက သူများထက်ထူးပြီး မျက်လုံးလေးနဲ့ ကြည့်တော့၊ အဲ … ကြည့်တော့”

“မေလွင်နော်၊ မေလွင် … ဟင်း မူမူ ဒေါသထွက်လာပြီနော်”

“ဟဲ့ … မေလွင် သိပ်မစနဲ့၊ ဒေါသဖြစ်ဖြစ်နဲ့ စားပွဲပေါ်ကဟာတွေ စားပစ်လိုက်လို့ တို့ဗိုက်ဟောင်း လောင်း ပြန်နေရဦးမယ်”

“ဟုတ်တယ်၊ ငါ စိတ်ဆိုးလာရင် ဒီဘဲပေါင်းတွေ အကုန်စားပစ်လိုက်မှာနော်”

သူငယ်ချင်းတစ်ထွေ တစ်ယောက်ကိုတစ်ယောက် ပြောမနာဆိုမနာတွေ ပြောကာ ရယ်လိုက် မောလိုက်နှင့် အလွန်ပျော်ရွှင်နေကြ၏။

"ဟော့ ... မင်းတို့ဒိုင်ယာရီတွေ ပါခဲ့ကြလား"

"ပါတယ် ပရင်းဆက်"

"ခါတ်ပုံတွေလဲဖို့ကော"

"ပါတယ်ကွ"

"နေပါဦး ခါတ်ပုံတွေလဲတာတော့ ဟုတ်ပါပြီ၊ ကိုလူထွန်းအေးကြီးကို စိတ်ချရပ့ါမလား"

"ဟ ... ငါက ဘာလုပ်မှာမို့လဲ"

"တော်ကြာ ပရင်းဆက်ခါတ်ပုံကို ရှင့်ရည်းစားပါလို့ လူတကာကို လိုက်ပြရင် ဘယ်နှယ့်လုပ်မလဲ"

"ဟုတ်တယ် ဒီကောင်ကြီးက စိတ်ချရတာ မဟုတ်ဘူး"

လူထွန်းအေးက ဒူးနှံ့ပြီး သူ့မေးစေ့ကို ပွတ်နေ၏။

မျက်နှာကလည်း ပြုံးဖြဲဖြဲနှင့် ...

"ဒါက ဘာပုံလဲ"

"သတ္တိရှိရင်တော့ ပေးလေ၊ နောက်ပိုင်းတာဝန်တော့ တို့မယူဘူး"

"တော်ပြီ ပွင့် ကိုလူထွန်းအေးကို ခါတ်ပုံမပေးတော့ဘူး"

"ဒါဆို ... တို့ခါတ်ပုံလည်း ပရင့်ဆက်ကိုမပေးတော့ဘူး"

"ဟယ် ဒါတော့ မလုပ်ပါနဲ့၊ ပွင့်ပြောင်းတဲ့နေရာမှာ ကြွက်ပေါ်ရင် ခြောက်ဖို့တစ်ပုံလေးတော့ ပေး ပါနော်"

"တော်ပြီကွာ၊ တကယ်မပေးတော့ဘူး"

"အဲလိုမလုပ်နဲ့ကွာ၊ ပွင့်က စတာပါ၊ ရော့ ... ရော့ ... ပွင့်ခါတ်ပုံ

ဆိုင်းလှလှလေးထိုးပေးထားတယ် တွေ့တယ်မဟုတ်လား၊ ကိုလူထွန်းအေးကို အလျှင်ပေးတာနော်…”

လူထွန်းအေး၏ ပုံဆိုးဆိုးမျက်နှာကြီး ပြန်ကြည်လင်လာသည်မို့ အားလုံးဝိုင်းရယ်လိုက်ကြပြန်သည်။

“အင်း … ဒီနေ့လို မိတ်ဆုံစားပြီး ပျော်ပျော်ရွှင်ရွှင်နေခဲ့ရတာ တွေကို ပွင့်တော့ ဘယ်တော့မှ မေ့နိုင် မှာ မဟုတ်ပါဘူး”

“တို့တွေ အားလုံးလည်း ဒီလိုပါပဲ ပွင့်ရာ”

“ဒါပဲနော် … တစ်လကို အနည်းဆုံး စာနှစ်စောင်တော့ ထည့်ရမယ်”

“ကိုယ်ကတော့ နေ့တိုင်းထည့်မှာပါ”

“ဘာလဲ … စိမ့်တစ်ယောက်တည်းဆီကို မဟုတ်လား၊ ဟင်း … သိပါတယ်နော်”

မူမူခင်က မြင့်ဇော်ကို မျက်စောင်းကလေးချိတ်၍ ပြောလိုက်သည်။

“ဟယ် ခုမှ သတိရတယ်တော့ ပြောစရာရှိတယ်”

“ဘာများလဲ အလန့်တကြားရှိလိုက်တာ မေလွင်ရယ်”

“ပရင့်ဆက်ကို ပြောပြစရာရှိတာ၊ လှိုင်ကော်မှာ ဒေါက်တာသက်နောင်ကြီး ရှိတယ်ဆိုတာ သေချာ တယ်”

“ဒါများဟယ် … အလန့်တကြားရှိလိုက်တာ”

“ဘယ်က ဒေါက်တာသက်နောင်ကြီးလဲ ဟင်၊ မေလွင်”

“ဟာကွာ ဖရက်ရှာဒေးတုန်းက ပရင့်ဆက်ကို လာကြည့်ပြီး အပြတ်ခိုက်သွားတဲ့ ဆက်ကင်းအမ်ဘီ က လူကြီးလေကွာ၊ မမှတ်မိတော့ဘူးလား မိမူမူရဲ့”

“အား မှတ်မိပြီ မှတ်မိပြီ၊ ဟန်ကျတာပေါ့”

“ဘာ ဟန်ကျတာလဲ မိမူမူ”

“ဪ အားကိုးအားထားပြုလောက်တဲ့ လူရှိနေလို့ ဟန်ကျတယ်လို့ ပြောတာပါ ပရင့်ဆက်ရဲ့”

“ဟယ် … နာမယ်နော်၊ မိမူမူခင်”

“ပရင့်ဆက် သူ့ကို စိတ်ကူးမယ်ကြံမိရင် ငါ့ကိုအမြန်သတိရပြီး ငါ့ကိုပဲ ရွေးပါဟာ၊ ပရင်းဆက်နဲ့ တို့က အတန်းတူ အဖွဲ့တူဆိုတော့ သူ့ထက်ပိုပြီး တစ်ယောက်အကြောင်းတစ်ယောက် သိနေကြလို့ ပို ကောင်းပါတယ်”

“ဟယ် … ကြည့်စမ်း၊ ကိုမှန်ကြောင်က လိပ်ကြီးမှန်းခုမှပဲ ပွင့် သိရတော့တယ်”

“ဟုတ်တယ်၊ ဒီကောင် ဒါမျိုးကျတော့ ပြောတတ်လိုက်တာ နှုတ်ကိုသွက်နေတာပဲ၊ ငါ တီးပစ်လိုက် ရ”

“အာ … မလုပ်ပါနဲ့ကွာ၊ ငါက ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ရအောင် ပြောရတာ ပါ”

“ကိုလူထွန်းအေး ကို ပွင့်မမေ့ပါဘူး”

“တကယ်ပြောတာလား”

လူထွန်းအေးက သွားကြီးဖြီး၍ ထူထဲသော မျက်မှန်အောက်က မလှသော မျက်လုံးကြီးများကို လှန် ကြည့်ကာ ပွင့်ဖူးစံကို မေးလိုက်သည်။

“တကယ်ပါ၊ ပွင့်ကို သဘောကျတဲ့လူတွေအားလုံးရဲ့ နောက်ဆုံးနေရာက နံပါတ်က ကိုလူထွန်းအေး အတွက်လေ”

“ကိုလူထွန်းအေး၊ ပရင့်ဆက်ကို သဘောကျနေတဲ့လူတွေ

ဘယ်နှစ်ယောက်ရှိလဲ သိလား”

“ဟ … ငါ ဘယ်သိမှာလဲ မိစိမ့်ရဲ့”

“စိမ့် သိတယ်”

“ပြောစမ်း ဘယ်နှစ်ယောက်လဲ”

“တစ်ထောင့် တစ်ယောက်”

“တစ်ထောင့် တစ်ညပုံပြင်ပဲ ကြားဖူးပါတယ်ဟာ၊ နင့်ဟာက မဟုတ်သေးပါဘူး”

“ဩော် … တစ်ထောင့်တစ်ည ပုံပြင်လိုပဲ ပရင့်ဆက်ကိုနောက်ပိုးတဲ့လူတွေ အများကြီးလို့ စိမ့်က ပြောတာပါ၊ ကိုလူထွန်းအေးကြီးရဲ့ အဟင်း … ဟင်း … ဟင်း”

အားလုံး ရယ်လိုက်ပြန်သည်။

ရယ်မြူး ရွှင်ပျဖွယ်ရာစကားတွေ ပြောလိုက်ကြ။

အစားအသောက်တွေ စားလိုက်ကြ။

ဓါတ်ပုံတွေလဲကြ။

အမှတ်တရ လက်မှတ်တွေထိုးကြနှင့် စားသောက်ဆိုင်တွင် သူတို့အဖွဲ့ အတော်ညဥ့်နက်သွားကြ သည်။

နောက်ဆုံး ပွင့်ဖူးစံက ဖြတ်မှပဲ ဝိုင်းပျက်ရတော့သည်။

“ ကဲ … ကဲ … ပြန်ကြမှ အိမ်ကလူတွေ စိတ်ပူနေကြလောက်ပြီ”

“အေး … ဟုတ်တယ်၊ငါ့ကိုလည်း အမေက စောစောပြန်ခဲ့တဲ့”

“အင်း ဟုတ်ပါတယ်၊ စိုးရိမ်နေတယ် မဟုတ်လား၊ မလူထွန်းအေးက

မိန်းမသားလေးကို ...”

“ဟုတ်ပါတယ်ရှင်၊ များကချောတယ် မဟုတ်လား၊ ဘယ်စိတ်ချရပ့ါမလဲ”

“ဟော့ကောင် လူထွန်းအေး၊ ကျပ်ကျပ်အဲသလို မာမီရှိန်းလိုလုပ်ပြ၊ မင်းအတွက် ငါ ထဘီရှာဝတ်ပေး ရဦးမယ်”

“မပူနဲ့ မပူနဲ့၊ စိမ့်တို့အားလုံး စုပေးမယ်၊ ဝယ်စရာမလိုဘူး”

“နင်တို့တွေနော် ... ဟင်း ငါပြောလိုက်ရ”

“ကဲပါ တော်ကြပါတော့ ... ဒီအတိုင်းဆိုရင် မိုးလင်းသွားနိုင်တယ်”

လူစု မနည်းခွဲလိုက်ရသည်။

“ပျော်လိုက်တာ စိမ့်ရယ်”

“ဟုတ်တယ် ပွင့်”

“ကိုလူထွန်းအေးကြီးက သိပ်ရယ်ရတာ ပဲနော်”

“ဟုတ်တယ်၊ ကိုလူထွန်းအေးလို လူမျိုးကတော့ ရှားတယ်၊ ဖတ်(စ်) ရီးယားထဲက စိမ့်တို့ပေါင်းလာ တာ ခုအထိ သူ့သဘောထားက ရိုးရိုးကြီးပဲနော်”

“ဟုတ်တယ် ... သူ ဒီလိုစိတ်သဘောထားကောင်းလို့လည်း ပွင့်တို့နဲ့ ခင်မင်မှု ခိုင်မြဲနေတာပေ့ါ စိမ့်ရဲ့”

“သြော် ... ဒါနဲ့ ပွင့်နက်ဖြန်ဈေးဝယ်ထွက်ဖြစ်မှာလားဟင်”

“ထွက်မယ် စိမ့်လိုက်ချင်လို့လား”

“လိုက်ချင်တယ်”

“ဒါဆို ဝင်ခေါ်မယ်လေ၊ ကိုးနာရီလောက် အဆင်သင့်လုပ်ထားပေ့ါ”

“ကောင်းပြီပွင့်”

ပွင့်ဖူးစံက စိမ့်မိုးအေးကို အိမ်အထိ လိုက်လံပို့ဆောင်ပေးလိုက်သည်။

"ဆရာ ... ဆရာ ... ဒီမှာ"

အမဲပစ်ထွက်ရန် သူ့သေနတ်ကို သနေသော မင်းလွင်ဦးဆီသို့ သူတပည့်ကျော် ကိုရွှေချွန်က သတင်းစာတစ်စောင်ကို ဖတ်နေရာမှ ထပြေးလာ၏ ။

"ဘာလဲဗျ ကိုရွှေချွန်ရ"

"ဒီမှာ ဆရာ၊ သတင်းထူးပါလာတယ်၊ ဖတ်ကြည့်ပါဦး"

မင်းလွင်ဦးသည် သူ့သေနတ်ကို ပေါင်ပေါ်တွင်ချပြီး ကိုရွှေချွန်ပေးသော သတင်းစာကို ယူဖတ်လိုက် သည်။

အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း

ကျွန်တော် စောဂျွန်ဆင် မှတ်ပုံတင်အမှတ် (.......) နှင့် ကျွန်မ မေနှင်းဆီ မှတ်ပုံတင်အမှတ် (......) တို့သည် စိတ်သဘောထားခြင်း မတိုက်ဆိုင်တော့ပါသဖြင့် နှစ်ဦးသဘောတူ လူကြီးမိဘများရှေ့တွင် (.....) နေ့တွင် ကွာရှင်းပြတ်စဲကြပါသည်။ နောက်နောင် တစ်ဦးနှင့်တစ်ဦး မည်သို့မှ မပတ်သက်ကြောင်းကိုလည်း လက်မှတ်ရေးထိုးကြပါသည်။ စောဂျွန်ဆင် - သစ်တောအရာရှိ

**မေနှင်းဆီ**

ကြော်ငြာဖတ်ပြီးသည့်အဆုံးတွင် မင်းလွင်ဦး၏ ကြည်လင်နေသော မျက်နှာကြီး ညှို့မှောင်သွား တော့သည်။

"ခင်ဗျားကလည်း ဒါ ကျွန်တော် ဘာလုပ်ရမလဲ"

သတင်းစာကို မင်းလွင်ဦးက စိတ်ဆိုးမာန်ဆိုးဖြင့် လွှတ်လိုက်သည်။

"ဩော် ... ဆရာသိအောင် ပြတာပါ"

"သူ့အကြောင်း ကျွန်တော်ဘာမှ မသိချင်ဘူး ကိုရွှေချွန်

ကျွန်တော့်ဘဝထဲမှာ ကျွန်တော့်အသိဉာဏ် တစ်ခုလုံးထဲမှာ လုံးဝမရှိတော့ဘူး၊ သစ္စာမဲ့တဲ့ မိန်းမအတွက် ကျွန်တော်နေရာမပေးနိုင်ဘူးဗျ”

“ ကျွန်တော်ကလည်း ဆရာ သူနဲ့ပတ်သက်လို့ ခံစားစေချင်တာ မဟုတ်ပါဘူး၊ ခြေများတဲ့ မိန်းမ ဘယ်လိုသွားတာပါလိမ့်လို့ တွေးကြည့်ပြီး ပြလိုက်မိတာပါ၊ ကျွန်တော် မှားသွားရင် ခွင့်လွှတ်ပါဆရာ”

ပြန့်ကျဲသွားသော သတင်းစာ စာရွက်များကို လိုက်ကောက်သိမ်းယူရင်း ကိုရွှေချွန်က သူ့ဆရာကို တောင်းပန်လိုက်သည်။

“ဆောရီးပဲ ကိုရွှေချွန်ရာ ကျွန်တော်ကလည်း သူနဲ့ပတ်သက်ရင် ဘယ်လိုဒေါသက ထွက် ထွက်လာမှန်း မသိဘူး၊ ကျွန်တော်လည်း မှားသွားပါတယ်”

“ရပါတယ်ဆရာ”

“ဩော် ... ခင်ဗျား ကျွန်တော့် ခရီးဆောင်အိတ်ကို ပြင်ထားပြီးပြီလား”

“ဟုတ်ကဲ့ဆရာ၊ အသင့်ပါပဲ ဦးမြသောင်းတို့အဖွဲ့က ဘယ်တော့လာမှာလဲ”

“ဒီနေ့ည လာမှာ ကိုရွှေချွန်”

“ဒါဆို ဆရာတို့ ဒီညပဲ အမဲပစ်ထွက်ကြမှာလား”

“အခြေနေအရပဲ၊ သူတို့ရောက်တာ စောရင်တော့ ထွက်ဖြစ်မယ်ထင်တယ်၊ ဘာပဲဖြစ်ဖြစ် လူ ခုနှစ်ယောက်စာ အတွက်တော့ ခင်ဗျားပြင်ဆင်ထားနော်”

“စိတ်ချပါဆရာ၊ ကျွန်တော် အားလုံးစီစဉ်ထားပါတယ်”

မင်းလွင်ဦးက သူ့ပေါင်ပေါ်က သေနတ်ကို ပြန်ကိုင်ပြီး တိုက်ချွတ်နေလိုက်ပြန်သည်။

သူကတပည့် ရွှေချွန်ကတော့ သတင်းစာကို စုစည်း၍ ကိုင်ပြီး မီးဖိုဆောင်ဘက်သို့ ထွက်ခွာသွားလေတော့သည်။

♥ ♥ ♥

သူ့အသိဉာဏ်တစ်ခုလုံးထဲက မောင်းထုတ်ထားပါသည် ဆိုပင်မယ့် မေနှင်းဆီက အတင်တိုးဝင် လာနေသည်။

သည်အတွက်ကြောင့် ရင်မှာတလိပ်လိပ် ဒေါသတွေတက်ကာ မင်းလွင်ဦး ငြိမ်ငြိမ်ထိုင်မရဘဲ ဖြစ် လာတော့သည်။

"တောက်... ငါသတင်းစာကို မဖတ်မိရင် အကောင်းသား၊ ခုတော့ အလကား ဒေါသဖြစ်နေရပြီ၊ ဒီကဝေမ ငါ့ကို ဖမ်းစားလွန်းတယ်၊ ငါ့ဘဝထဲ သူပဲ အတင်းဝင်လာတယ်၊ ပြီးတော့ ငါ့ကို သူပဲ ခြေစုံကန်ပြီး ထွက်သွားတယ်၊ တော်တော်ရင်နာစရာကောင်းတဲ့ ငါ့အဖြစ်ပဲ"

မင်းလွင်ဦးသည် အမဲပြစ်သေနတ်ကို ချထားခဲ့ပြီး ရေခဲသေတ္တာထဲက ဘီယာဘူးကို ထုတ်ယူကာ အိမ်ရှေ့ လေသာဆောင်ဆီသို့ ထွက်ခဲ့သည်။

လေသာဆောင်ရှိ ထိုင်ခုံတွင်ထိုင်ပြီး လက်ထဲရှိ ဘီယာဘူးကို သူဖောက်လိုက်သည်။

အိမ်ရှေ့ပန်းခင်းထဲက ဒေလီယာ၊ နေကြာနှင့် နှင်းဆီပန်းရနံ့များက သူ့ဆီသို့ ပျံ့လွင့်လာသည်။

သူ့ပန်းရနံ့များကို တစ်ချက် မျက်လုံးများ မှိတ်၍ ရှူရှိုက်လိုက်ပြီးမှ ဘီယာဘူးကို မော့ဘီယာဘူးကို မော့သောက်လိုက်သည်။

ပြီးလျှင် ကိုယ်ကိုလျှော့ချ၍ ထိုင်ခုံတွင် ထိုင်ပြီး ဟိုး...ဝေးဝေးဆီမှာ မြင်နေရသော တောင်တန်း ညို့ညို့မှိုင်းမှိုင်းများဆီသို့ လှမ်းကြည့်မိနေသည်။

သည်လိုကြည့်ရင်းက တဖြည်းဖြည်း သူနဲ့ မေနှင်းဆီ နောက်ဆုံးလမ်းခွဲခဲ့သည် နေ့ကို သူမြင်ယောင် လာမိသည်။

သည် သူ့အိမ်ရှေ့က ပန်းဥယျာဉ်ထဲမှာပေါ့၊ မေနှင်းဆီရောက်လာမည်ဟု

ဖုန်းဆက်သဖြင့် အေးဆေးစွာ တွေ့ဆုံနိုင်ဖို့ သူ...သူ ပန်းဥယျာဉ်ထဲက ထိုင်ခုံကလေးမှာ ဆင်းပြီး စောင့်မျှော်နေလိုက်သည်။

ချိန်းဆိုသော အချိန်တွင် မေနှင်းဆီသည် အလှဆုံးသော အဆင်အပြင်တွေနှင့် သူ့ဆီသို့ရောက်ရှိ လာသည်။

တစ်ကိုယ်လုံး တောက်တောက်ရဲ ထဘီနှင့် အင်္ကျီကို ဝမ်းဆက်ဝတ်လာသည်။

သူ့အသား ဖွေးဖွေးဥဥ ကလေးနှင့် အလွန်ကြည့်ကောင်းနေသည်။ နှုတ်ခမ်းပါးလေးတွင် အနီရောင် နှုတ်ခမ်းဆိုးဆေးက ပိုတောက်၍ ပေါ်လွင်နေ၏။

ဆံပင်တိုတို ကောက်ကောက်ကလေးကို ငယ်ထိပ်တွင် မြင့်မြင့်ကလေး စုစည်းချည်နှောင်ထားပြီး ဖဲပြား နီနီကလေးကို စည်းထားသည့် သိပ်လှနေသော မေနှင်းဆီ။

"ဘယ်လိုလည်း မေက ဒီနေ့ ရဲရဲတောက်နေတာပါပဲလား"

"မလှလို့လားဟင် ကို"

"သိပ်လှနေလိုပါ မေ"

မေနှင်းဆီက အသံလွင်လွင်ကလေး ထွက်အောင် ရယ်ပြီး မင်းလွင်ဦး၏ နံဘေးတွင် ထိုင်လိုက် သည်။

"နေဦး ကို၊ မေ စာနိုင်မယ် မထင်ဘူး၊ ဒီညနေ အိမ်ကို ကိုဂျွန်လာမှာမို့လို့"

"ကိုဂျွန်ဆိုတာ အိမ်က မိဘဆွေမျိုးတွေက မေနဲ့ သဘောတူထားတဲ့ တောင်ကြီးက သစ်တော အရာရှိ ကိုဂျွန်ဆင်ဆိုတာပဲလေ"

မင်းလွင်ဦးမျက်နှာ မှုန်လာပြီး မေနှင်းဆီကို ကြည့်လိုက်၏

"သူဘာသာသူ လာတာပေါ့၊ မေ မတွေ့ချင်လို့ မရဘူးလား"

"ဟာ... ဘယ်ဖြစ်မှာလဲ ပြောစမ်းပါဦး"

"ပြောမှပါ၊ ပြောဖို့ပါပဲ မေခု ကိုယ်ဆီရောက်လာနေတာပေါ့၊ ဒီလို ကိုယ့် ကိုဂျွန်ကို မေ ငြင်းလို့မရဘူး၊ မေမှာ မိခင်အိုကြီး တစ်ယောက်ပဲ ရှိတယ်ဆိုတာကို သိပါတယ်နော်"

သိသာပဲ၊ အဲဒါ ဘာဖြစ်သလဲ"

အလိုမကျသလို မှုန်ကုပ်ကုပ်မျက်နှာဖြင့် မေနှင်းဆီကို ကြည့်ရင်း မင်းလွင်ဦးက ဖြေလိုက်သည်။

"ကိုယ်ရယ်... စိတ်ရှည်ရှည်နဲ့ စိတ်အေးအေးထား နားထောင်ပါနော်၊ မေ့ကိုလည်း ခွင့်လွှတ် နိုင်အောင် ကြိုးစားပ်၊ မေလေ မေ ကိုဂျွန်ကို လက်ထပ်ရတော့မယ်ကို"

" ဘာကွ"

မင်းလွင်ဦး ထိုင်ရာမှ ဝုန်းခနဲထ, ကာ လက်သီးနှစ်ဖက်ဆုပ်၍ မေနှင်းဆီကို ကြည့်လိုက်သည်။

"ဟုတ်တယ် ကို၊ အစကတည်းက မေဟာ မိုးမိုးရဲ့ သဘောကို မလွန်ဆန်နိုင်ဘဲ ကိုဂျွန်ကို လက်ခံထားရတာ ပါ၊ ခု ကိုဂျွန်က လက်ထပ်ဖို့ ကိစ္စ တိုင်ပင်ဆွေးနွေးဖို့ ရောက်လာပြီလေ"

"နေပါဦး... ဒီလို မလွန်ဆန်နိုင်ရင် မင်း... မင်း ငါ့ကို ဘာဖြစ်လို့"

"ဟုတ်ပါတယ်ကို ၊ ဒီအတွက် မေ အနူးညွှတ်တောင်းပန်ပါတယ်"

"ဟ... မင်း အပြောလေးက လွယ်လှချည်လား၊ မင်း... မင်း ငါ့ကို တမင်များ အရူးလုပ်သွားတာလား မေ ဟင်.."

“မေ သိပ်မပြောချင်ပါဘူးကို၊ မေ ခု ကိုကို့မှ တစ်ကယ်ချစ်မိတာပါ”

“ဘာကွ… ခုမှ တစ်ကယ်ချစ်တယ်လို့ ပြောတာ၊ အရင်က မင်း ငါ့ကို တစ်ကယ်မချစ်ခဲ့သေးဘူးပေါ့ ဟုတ်လား မေ”

“ဟုတ်ပါတယ်ကို၊ ကိုတူးတူးပေါတို့က ကိုမင်းလွင်က မာနကြီးတယ်၊ ဘယ်မိန်းမမှ လူထင်တာ မဟုတ်ဘူး၊ နင် သူ့ကို စမ်းကြည့်ပါလား၊ ရရင်လိုချင်တာဝယ်ပေးမယ်လို့ ပြောင်ကြ လှောင်ကြရင်းက မေလေ မေ ကို့ကို မေ့ကို ချစ်လာအောင် ဆွဲဆောင်မိခဲ့ပါတယ်”

“တောက်… မိုက်ရိုင်းလိုက်တဲ့မိန်းမ”

“ဟုတ်ပါတယ်ကို၊ ပြောချင်ရာပြောပါ၊ မကျေနပ်ရင် မေ့ကို သတ်ပစ်နိုင်ပါတယ်၊ မေ အစ, ကတော့ လောင်းကြေး၊ စားကြေး လုပ်ခဲ့တာပါ၊ ဒါပေမယ့် ကိုနဲ့ ချစ်ခွင့်ရပြီးတဲ့နောက်မှာ ကို့ရဲ့ စိတ်ဓာတ်နဲ့ ရိုးသားတည်ကြည်မှုတွေကို လေးစားပြီး မေ တကယ် တကယ် ချစ်မိလာပါတယ်”

“တော်စမ်းပါ မိန်းမရှုပ်၊ ဒါ မင်း ငါ့ကို သက်သက် လုပ်သွားတော့”

“ကိုရယ်… မေ..မေ့မှာ ကိုယ့်သဘောနဲ့ကိုယ် ဆုံးဖြတ်ပိုင်ခွင့် မရှိပါဘူး၊ မေလေ မေ ကိုယ့်ကို ချစ်တဲ့ စိတ်နဲ့”

“သွားစမ်းမေ၊ ခု ငါ့ခြံထဲက ထွက်သွား၊ မင်း ဘာမှပြော မနေနဲ့ ကြားလည်း မကြားချင်ဘူး၊ မင်းမျက်နှာကိုလည်း မကြည့်ချင်ဘူး၊ အို… သွားစမ်းကွာ ကြာရင် မင်းကို ငါသတ်မိလိမ့်မယ်”

မင်းလွင်ဦး ဒေါသတွေ အရမ်းထွက်လာနေသည်”

“ကိုရယ်… မေ…”

မင်းလွင်ဦးသည် သူ့ဆီသို့ မေနှင်းဆီတိုး ကပ်လာသည်ကို တွေ့ရလျှင် စိတ်မထိန်းနိုင်တော့ဘဲ တအားဆောင့်တွန်း ပစ်လိုက်မိတော့သည်”

“အမေ့… ”

မေနှင်းဆီ တစ်ယောက်မြက်ခင်းပေါ်သို့ မလှမပ ကျသွားသည်။

“ တောက်”

တက်တစ်ချက်ခေါက်ပြီး နေရာမှ မင်းလွင်ဦး ချာခနဲ လှည့်ထွက်သွားသည်။

“ကို ကိုရေ…”

တစာစာခေါ်နေသော မေနှင်းဆီကို သူလှည့်မကြည့်တော့ပါ။

သည်မှာတင် မေနှင်းဆီနှင့် သူ့ဇာတ်လမ်း ပြီးဆုံးသွားခဲ့ပေမယ့် နှလုံးသားကို လုပ်ကြံခံရခြင်း ဝေဒနာက သူ့ကို အချိန်ကြာမြင့်စွာ မင်းမူနှိပ်စက်ခဲ့ပါသည်။

စဉ်စားမိတိုင်း ရင်နာရသည့် ဖြစ်ရပ်တစ်ခု။

မေမေနှင့် အိမ်ဖော်မကလေး အတင့်တို့ ထုတ်ပေးနေသည့် ပစ္စည်းပစ္စယများကို ကြည့်ပြီး ဒေါက်တာဖူးပွင့်စံ တစ်ယောက် စိတ်မောသွားမိသည်။

“တစ်အိမ်ထောင်ပြောင်းတာကျနေတာပဲ၊ ဒုက္ခပါပဲ”

“ဟဲ့… သမီးလေးရဲ့၊ တစ်ရပ်တစ်ကျေးမှာ လိုတာရှိရင် မခက်လား၊ ယူသွားတော့ ဘာဖြစ်သလဲ၊ မသုံးချင်ရင် ဒီအတိုင်း ထားထားလိုက်ပေါ့၊ ဒါတွေ ပါသွာတော့ မေမေ သမီးဆီလာတော့လည်း ဝန်ပေါ့တာပေါ့”

“ကဲ… ဟုတ်ပါပြီ မေမေ ဟုတ်ပါပြီ၊ သည်လို ဆိုပြီးရင်သာ ပြော၊ သမီးဘာသာ သမီး သော့ခတ် မယ်၊ ဒါမှ သော့တွေကို မှတ်ထားလို့ရအောင်”

သူယူသွားမည့် အဝတ်စားသေတ္တာကို ဘေးချပြီး ဒေါက်တာ

ပွင့်ဖူးစံသည် မိခင်ကြီးကို ထိုင်ကြည့် နေ၏ ။

စောင်၊ ခြင်ထောင်၊ အိပ်ယာခင်း၊ ခေါင်းအုံးပါမကျန် ရအောင် ဒေါ်မိုးခိုင်က စနစ်တကျ ပိပိရိရိ ထုပ်ပိုးပေးနေသည်။

"သမီး ပွင့်"

"ရှင် ...မေ"

"ဟောဒီ ကြိမ်ခြင်းကြီးထဲမှာ သမီးအတွက် အိမ်သုံးဆေးတွေနဲ့ သနပ်ခါးတုံးတွေ၊ ကျောက်ပျဉ်တွေ ထည့်ထားပေးတယ်နော်"

"ဟုတ်ကဲ့ပါ မေမေ"

"ငါးပိကြော်တို့၊ ငါးခြောက်ထောင်းကြော်တို့၊ သရက်သီးသနပ်တို့ကို ဟိုရောက်ရင် ကြည့်လည်း စားဦး၊ မှီတက်မှ စားမိတယ်လည်း မလုပ်နဲ့နော်"

"အင်းပါ မေမေရယ်၊ မေမေပြောပါတယ်၊ သမီးက ကလေး,လေးမှ မဟုတ်တာ၊ ဒါလောက်ပြောနေ စရာ မလိုပါဘူး"

"ပြောရတယ်...ပြောရတယ်၊ မေမေ ခူးခပ်စီမံပေးတာပဲ တစ်သက်လုံးစားလာတဲ့ သမီးမို့ ဟော့...သမီးမို့"

"အဟင်း... ဟင်း... ဟင်း... ဒါကတော့ မေမေရယ် ပွင့်မှာ ကိုယ်ဘာသာကိုယ် လုပ်စားဖို့ အိမ်မှုကိစ္စ လုပ်ဖို့အချိန်မှ မရှိတာဘဲကို"

"ဟုတ်ပါတယ်၊ ပညာတွေကြိုးစားပြီး ထူးထူးချွန်ချွန် အောင်မြင်ခဲ့တာကိုပဲ ကျေးဇူးတင်လှပါပြီ၊ သမီးကို အပြစ်ပြောနေတာ မဟုတ်ဘူး၊ မလုပ်တတ် မကိုင်တတ် မစားတတ်ဖြစ်နေမှာစိုးလို့"

"ကဲ....အမေကြီး၊ ဒီလောက်မှ ဖြစ်နေရင် ခင်ဗျားပါလိုက်သွားဗျာ"

"ဦးထွန်းလင်းက ဇနီးသည်ကို စာအုပ်တစ်အုပ် ဖတ်နေရာမှ

လှမ်းကြည့်၍ ပြောလိုက်သည်။

အောင်မယ်…. ကျုပ်က လိုက်ချင်ပါသတဲ့၊ ကျုပ်သွားတော့ ဘယ်သူက ကျုပ်မြေးကလေး ကစ်ကစ်ကို ကြည့်မလဲ”

“ဟ…ဒီမှ အတင့်တို့ ဒေါ်စိန်တို့ ရှိနေတာပဲ”

“တွေ့လားဖေဖေ တွေ့လား၊ ဒီနေရာမှာ ပေါ်နေတာပဲ၊ မေမေက သူ့မြေးကို ပွင့်ထက် ပိုချစ်တာ”

“အေး…ဟေး….ဟေး.. ဟုတ်တယ် သမီးရဲ”

“ဒီလိုမပြောပါနဲ့ သမီးပွင့်ရယ်၊ မေမေ ကစ်ကစ်ကလေး လေးဆယ့်ငါးရက်ပြည့်တော့ သမီးဆီ လိုက်လာမှာပါ၊ ခု မအေက သွေးနုနုဖြစ်နေလို့ပါ”

“အလကား မေမေကိုချစ်လို့ စ,နေတာပါ၊ သမီးအတွက် ဘာပူစရာရှိလို့လည်း မေမေရယ်၊ ဟိုမှာ လူကြီးနဲ့ ဝန်ထမ်းတွေ ရှိနေတာပဲ၊ မေ့မေ့ကို သမီး ဟိုမှာရှိတဲ့ သူနာပြုဆရာမ နော်ထရီဇာရဲ့ စာကိုလည်း ပေးဖတ်ပြီးပြီ မဟုတ်ပါ”

ပွင့်ဖူးဝေက သောကများ စိတ်များနေသော သူ့မိခင်ကို နှစ်သိမ့်လိုက်သည်။

မိခင်ဖြစ်သူက ခေါင်းတညိတ်ညိတ်နှင့် နားထောင်ရင်းက လက်ဆွဲသွားရန် ချထားသော ပလတ်စတစ် ခြင်းလေးထဲသို့ သူ့မှန်တင်ခုံပေါ်က ဒေါက်တာသန်းထိုက်ဘို၏ ဓာတ်ပုံကို ယူကာ လကသုတ်ပဝါ အသစ်စက်စက် တစ်ထည်ထည်ဖြင့် ဝတ်ပြီး ခြင်းကထည့်လိုက်သည်ကို တွေ့လိုက်ရသည်။

ပွင့်ဖူးဝေ စိတ်မောသွားရသည်။

“ဟူး… လွိုင်ကော်ထိအောင် သူ့ဓာတ်ပုံကြီးကိုငါ

သယ်သွားရတော့မှာပါလား”

“ကဲ… မပြီးကြသေးဘူးလား၊ ဆယ်တစ်နာရီတောင် ထိုးပြီး မနက်လည်း လေဆိပ်ဆင်းဖို့ အစောကြီးထရာမှ”

“ပြီးပါပြီ အဖေကြီးရဲ့”

ဒေါ်မိုးခိုင်သည် ခင်ပွန်းသည်က အောက်မှ သူလုပ်နေသော အလုပ်ကို လက်စသိမ်းလိုက်၏။

အားလုံး အသီးသီး ထ,သွားကြပြီမို့ ပွင်းဖူးစံ၏ အိပ်ခန်းထဲတွင် ပွင့်ဖူးစံနှင့် မိခင် ဒေါ်မိုးခိုင်တို့သာ ကျန်တော့သည်။

“သမီးလေး”

“ရှင်…မေမေ”

“ အလုပ် လုပ်ရင်း မောင်သန်းထိုက်ဘိုနဲ့ ကိစ္စကိုလည်း စဉ်းစားပါနော်၊ မေမေကတော့ အချိန်သိပ်မဆွဲချင်ဘူး၊ ဒေါ်နုနုသွင်တို့ ဆန္ဒအရ စေ့စပ်ထားလိုက်ချင်တယ်”

“သမီး…သမီး စဉ်းစားမှာပါ မေမေ”

“ဟိုမှာ ယောကျ်ားသားတွေနဲ့လည်း အရောတဝင် မနေနဲ့နော်၊ မေ့မေ့သမီးကလေးက သူမတူ အောင် လှနေတော့ မေမေစိုးရိမ်တယ်ကွယ်”

“ဒီအတွက် မပူပါနဲ့ မေမေ၊ ပွင့် ခုသွားမှာက ပွင့် သင်ယူထားတဲ့ ပညာကို အသုံးချဖို့ပါ၊ ပွင့် ခေါင်းထဲမှာ အလုပ်ကလွဲလို့ ဘာမှမရှိဘူး”

“သမီးပွင့် တစ်သက်လုံး အိမ်ထောင်မပြုဘဲ နေသွားချင်တာလား”

“အဲသလို သမီးနေချင်ပါတယ်”

“ဒါတော့မဖြစ်နိုင်ဘူး သမီး၊ သမီးက မလိုချင်တောင် မိဘများမှာ

အိမ်ထောင်ချပေးဖို့ တာဝန်ရှိ နေတယ်၊ ဒီတော့ တစ်နေ့နေ့မှာ ငါသန်းထိုက်ဘိုကို လက်ထပ်ရမယ်ဆိုတဲ့ အသိကို သမီးခေါင်းထဲမှာ အမြဲထည့်ထားပါလို့ မေမေ ပြောချင်တယ်”

“ဟုတ်ကဲ့ပါ မေမေ”

“ကဲ…သမီးအိပ်တော့ မေမေ အိပ်ခန်းမီး ပိတ်ပစ်ခဲ့မယ်”

ပွင့်ဖူးစံက မိခင်ဖြစ်သူကို ခေါင်းညိတ်ပြလိုက်သည်။

မကြာခင် ပြာလဲ့လဲ့ အိပ်ဆောင်မီးကလေး လင်းလာ၏ ။ အိပ်ရာပေါ်တွင် ဒေါက်တာဖူးပွင့်စံမှာ အိပ့်မပျော်နိုင်ဘဲ မျက်လုံးများ ကျယ်၍ နေသည်။

မနက်ဖြန် ခရီးထွက်ရမည့် ကိစ္စအတွက် စိတ်လှုပ်ရှားပြီး အိပ်မပျော်နိုင်သည် မဟုတ်ဘဲ၊ ဒေါက်တာ သန်းထိုက်ဘိုနှင့် ကိစ္စအတွက် တွေးတော စိတ်လက်ပျက်နေမိခြင်းဖြစ်သည်။

“ဒုက္ခပါပဲ.. မေမေ့စကား အသွားအလာတွေကို ကြည့်ရတာ ကိုသန်းထိုက်ဘိုနဲ့ ငါ့ကိုမရမနေ ပေးစားချင်နေတဲ့ ပုံပဲ၊ ခတ်လိုက်တာနော် ငါကလည်း သူ့ကို ဘယ်လိုမှ စဉ်းစားကြည့်လို့ မရပါလား၊ ငါ စိတ်ညစ်တယ်၊ သူ့ကို ငါမယူချင်ဘူး မယူချင်ဘူး အချိန်တွေကို ငါဆွဲသထက် ဆွဲပစ်နေမှာ”

ဒေါက်တာပွင့်ဖူးစံသည် သူ့နံဘေး ခေါင်းအုံးအပိုတစ်ခုကို သူ့မျက်နှာပေါ်တွင် ဆွဲအုပ်ပြီး ငြိမ်နေ လိုက်သည်။

အချိန်ကြာမြင့်စွာ သည်လိုနေရင်းကပဲ သူ အိပ်ပျော်မှန်းမသိ အိပ်ပျော်သွားခဲ့ရသည်။

နာရီနှိုးစက်မည်သံက ဒေါက်တာပွင့်ဖူးစံကို အိပ်ပျော်နေရာမှ လန့်နှိုးသွားစေခဲ့သည်။

"ဟူး… လန့်လိုက်တာ"

အရှိန် မကုန်သေးသော သံပတ်ကို သူပိတ်ပစ်ပြီး နာရီကလေးကို သူ့နံဘေးက ပလက်စတစ်ခြင်း ထဲသို့ ထည့်လိုက်သည်။

ထိုနောက် အိပ်ရာမှ ထ,ကာ အိပ်ရာကိုသိမ်းပြီး ရေချိုးခန်းသို့ ဝင်ခဲ့သည်။

"သမီး.. ပွင့်"

"သမီးနိုးနေပြီ မေမေ"

"အေးအေး… ဝတ်စားပြီးရင် ထမင်းစားခန်းထဲကို လာခဲ့မေမေ စားသောက်သွားဖို့ အဆင်သင့် လုပ်ထားမယ်"

"ဟုတ်ကဲ့… မေမေ"

ပွင့်ဖူးစံသည် ရေမိုးချိုး ဖြီးလိမ်းပြင်ဆင် အဝတ်အစားလဲလှယ်ပြီးသည်နှင့် သူယူဆောင်သွားရမည့် ပစ္စည်းပစ္စယများကို စစ်ဆေးမှတ်သားခြင်း ပြုလိုက်သည်။ ပြီးမှ ထမင်းစားခန်းဆီသို့ ထွက်ခဲ့သည်။

ထမင်းစားခန်းထဲတွင် သူ့ကို လေဆိပ်သို့ လိုက်လံပို့ဆောင်ပေးမည် ဖေဖေ မေမေနှင့် သူ့ ကိုကိုကြီး ထွန်းနောင်တို့က ရောက်နှင့်နေပြီး အသင့်ဖြစ်နေကြသည်ကို ပွင့်ဖူးစံတွေ့ရှိရသည်။

"ကိုကိုထွန်းအောင် နိုးနေပြီပဲ"

"ဘာဖြစ်လို့ အစောကြီး ထ,တာလဲ ကိုကိုထွန်းရဲ့"

"ဟာ… ဟိုကောင်မလေး တစ်ညလုံး ရှူးချည့်ပေါက်နေတာ မနိုးဘဲ ရှိပ့ါမလား ညီမလေးရဲ့"

" အပေါင်း…ဟင်း.. အိပ်ပုပ်ကြီးတဲ့ ကိုကိုထွန်းတော့ ထိနေပြီဟေ"

“ဟုတ်တယ် ညီမလေးရေ၊မိန်းမ ယူမိတာတောင် မှားနေပြီလား မသိတော့ပါဘူး”

“အောင်မယ်...အောင်မယ်၊ ဒီစကား မေ့မေ့သမီး ဝင်းမာကို သွားပြောလိုက်ပါလား”

“အား... မလုပ်ပါနဲ့ မေမေ၊ အိပ်ရေးပျက်ရုံမကဘူး၊ ရှိတဲ့ခေါင်းမွေးပါ ပြောင်သွားဦးမယ်”

သားကြီးက အရွှန်းဖောက်လိုက် သဖြင့် မေမေ ဖေဖေတို့နှင့် အတူ ပွင့်ဖူးစံလည်း ရယ်မောလိုက် ရသည်။

မေမေစီစဉ်ပေးသော နံနက်စာကို စားသောက်ပြီးကြသော အခါတွင် အချိန်က ငါးနာရီခွဲပြီဖြစ်၍ လေဆိပ်သို့ ဆင်းရန် ပြင်ဆင်ကြတော့သည်။

ပွင့်ဖူးစံက မေမေ ဖေဖေနှင့် သူ့ထက် ငါးနှစ်ကြီးကြီးသော ကိုကိုကြီးကို ထိုင်ကန်တော့လိုက်သည်။ ပြီးမှ ယောက်မနှင့်တူမချောလေးကို အခန်းဆီသို့ဝင်က ပွေ့ဖက်နမ်းရှုပ် နှုတ်ဆက်လိုက်သည်။

ကားပေါ်တက်ခါနီး မျက်ရည်တလည်လည် ဖြစ်နေသော ဒေါ်စိန်နှင့် အတင့်တို့ကို နှုတ်ဆက်ပြန်သည်။

ခြံဝရောက်တော့ အိပ်ဝင်းစောင့်ဦးလေး ဘလူကိုလည်း ပွင့်ဖူးစံ မမေ့၊ ကောင်မွန်စွာ နှုတ်ဆက်ခဲ့၏ ။

“အင်း... အတင့်ကိုတော့ သမီးကို လွမ်းရှာကြမှာပါ။

“ဟုတ်တယ်အဖေဖေ၊ သူက သမီးနဲ့ အနီးကပ်ဆုံးနေတာ ဆိုတော့ သူ့ သမီးကို သတိရနေသလို သမီးလည်း သတိရနေမှာပါ။

“သမီးလေး ခြောက်လပြည့်ရင် ကိုကိုထွန်းတို့ ညီမလေးဆီကိုဇကေးရှင်းလာမယ် သိလား”

“လာလေ ကိုကိုထွန်းရဲ့၊ ဟိုမှာ ပွင့်ကတော့ တိတ်(ချ်)
တစ်ခုလုံးရမှာဆိုတော့ တစ်အိမ်သားလုံး လာလည်တောင် ရပါတယ်၊ သြော် ….ဒါနဲ့
ကိုကိုထွန်း ယူအက်စ်အေကို သွားမယ့် ကိစ္စကော ဘာသတင်းကြားသေးလည်းဟင်”

“သွားရမှာပါ… ကိုကိုထွန်း ပညာတွေ တိုးပွားလာမှာ ညီမလေး
သိပ်ဝမ်းသာတယ်”

“ကိုကိုထွန်းလည်း ကိုကိုထွန်း ညီမလေး ခွဲစိတ်အထူးနဲ့
အောင်သွာတာကို သိပ်ဝမ်းသာတယ်၊ ကြိုးစား ညီမလေး.. ညီမလေး ထုံစံအတိုင်း
ဆက်ကြိုးစားသွားရင် ထိပ်တန်းခွဲစိတ် အထူးကုပါရဂူကြီး ဖြစ်လာနိုင်တယ်”

“ညီမလေးမှာ အဲသလို ဖြစ်လာချင်တဲ့ ဆန္ဒရှိပါတယ်၊ အစွမ်းကုန်လည်း
ကြိုးစားမှာပါ ကိုကိုထွန်း”

“အင်း… ဒီသားနဲ့ ဒီသမီးကို မေမေတို့ မွေးရကျိုးနပ်လိုက်တာ၊
နှစ်ယောက်စလုံး တက်ထားတဲ့ ပညာတွေက သတ္တဝါတွေရဲ့ စက္ခုအလင်းကို
ကယ်တင်မယ့် ပညာတွေချဉ်းပဲ၊ ကုသိုလ်လည်းရ ယမ်းလည်းဝတဲ့ အလုပ်တွေမို့
ဂုဏ်ယူဝမ်းသာလို့ မဆုံးပါဘူးကွယ်”

ဦးထွန်းလင်းမှာ သားနှင့် သမီးဖြစ်သူတို့၏ အချီအချ စကားများကို
နားထောင်ပြီး ကျေနပ်အားရစွာ ပြောလိုက်သည်။

သို့နှင့် လေဆိပ်သို့ ရောက်ခဲ့ကြသည်။

လေဆိပ်အဝင်ဝတွင် ပြောဆိုမထားဘဲ ဒီမှာလာစောင့်နေကြသော
အဖော်များကို တွေ့ရလျှင် ပွင့်ဖူးစံ အလွန်ဝမ်းသာသွားရသည်။

“ဟယ်… နင်တို့အားလုံး ရောက်နေကြတယ် ဟုတ်လား”

“အင်းပေါ့ တမင်ပြောမထားဘဲ ဒီမှာလာစောင့်နေကြတာ ပရင်းဆက်”

“ဝမ်းသာလိုက်တာဟယ်…..”

"အဲသလို ဝမ်းသာလို့ရအောင်လို့ ရောက်နေကြတာလေ"

"ဒါ ဘယ်သူ့ အစီအစဉ်လဲ ပြောစမ်း၊ ပြောစမ်း"

"ကိုယ်အစီအစဉ်လေ..."

ဒေါက်တာ လူထွန်းအေးက လက်မ,ကို ကော့က ပြလိုက်သည်။

"ဒီလိုကျတော့ ကိုမှန်ကြောင်ကြီးက တော်သာပဲ"

"ဟ... လူတွေရှေ့မှာ ငါ့ကို သိက္ခာမချနဲ့နော် ပရင်းဆက်"

"ဟုတ်တယ်ပွင့်၊ သိက္ခာချရင် အတုတွေ ပြုတ်ကျကုန်လိမ့်မယ်..."

"ဘာတွေလဲဟ..."

"သိဘူးလေ..."

"ဒီ မိလွင်မ ပေါက်တက်ကရတွေ ပြောမနေနဲ့ ဟိုမှာ အန်ကယ်ထွန်းနဲ့ ကိုကိုကြီးပါလာတယ်"

"မေလွင်က ပွင့်ခရီးမထွက်ခင် ပျော်ရွှင်ရွှင်ရှိသွားအောင်လို့ ပြောတာပါ စိမ့်ရဲ့"

"ကဲ... အပေါင်းအသင်းတွေ ဝင်ကြမယ်။ အပေါ်ထပ် ကော်ဖီဆိုင်ကျမှ စကားပြောကြ"

"ဟုတ်ကဲ့ ကိုကိုကြီး"

တစ်ယောက်တစ်လက်ဆွဲပြီး သယ်ဆောင်သွားကြသဖြင့် ပွင့်ဖူးစံ၏ ပစ္စည်းပစ္စယနှင့် အထုတ်အပိုးများ လေဆိပ်ထဲသို့ ရောက်ရှိသွားရသည်။

လေဆိပ်ပို့ဆောင်ရေးကောင်တာတွင် သတင်းပို့ပြီး ပစ္စည်းများကို ချိန်တွယ်ပြီးကြသည့်နောက်တွင် လေဆိပ် အပေါ်ထပ် စားသောက်ဆိုင်ဆီသို့ ထွက်ခဲ့ကြသည်။

“ ဘယ်သူဒကာလဲဟေ့”

“မှန်ကြောင် ဒကာလုပ်မှာဟ”

“ရပါတယ် မြင့်ဇော်ရာ၊ ဒါတွေ သိနေလို့ ဟောဒီနမှာတွေ့လား၊ အပြည့်ထည့်ထားတာ”

“ ပိုက်ဆံအိတ်ကြီးက ဖောင်းနေတာပဲ၊ ပိုက်ဆံမှ ဟုတ်ရဲ့လား၊ လူအထင်ကြီးအောင်လို့ အထဲမှာ စက္ကူစုတ်တွေ ထည့်လာသလား မသိဘူးနော်မူမူ”

“အေး.... ဟုတ်တယ် မိလွင်၊ အဲဒါကို ငါစဉ်းစားနေတာ”

“နင့်တို့ဟာလေ ကောင်းကိုမကောင်းဘူး၊ ဒီမှကြည့် ပိုက်ဆံမဟုတ်တော့ နင်တို့ဘိုးအေတွေလား”

လူထွန်းအေးက သူ့ပိုက်ဆံအိတ်၏ ဇစ်ကို ဆွဲဖြုတ်ကာ အတွင်းက ငွေစက္ကူများကို ပြလိုက်သည်။

“အိုကေ... စိတ်ချသွားပြီ၊ ဝါကြွစို့ ကိုမြင့်ဇော်ကြိုက်တာသာ မှာပေတော့”

မေလွင်ကပြောသည်။

“ဒါနဲ့နေပါဦး၊ စိမ့်က ဘယ်တော့ တောင်ကြီးတက်မှာလဲ”

“သန်ဘက်ခါလေ”

“ကိုမြင့်ဇော်ကကော ခရီးမထွက်သေးဘူးလား”

“စိမ့် တောင်ကြီးသွားပြီးမှ နောက်နေ့ ကိုယ်သွားမယ်လေ ပွင့်ရဲ့”

“ဩော်...ဩော်”

“မေလွင်နဲ့ ကိုဇော်က တစ်ခရီးတည်း သွားရမှာဆိုတော့ အတူသွားကြမှာလေလေ ပွင့်ရဲ့”

"မေလွင်ရဲ့ နေရာမှာ မင်းသာဆိုရင် သိပ်ကောင်းမှာပဲနော် စိမ့်"

"ဘာပြောကောင်းလိုက်မလဲ ပွင့်ရယ်"

" ဖူးစာရေးနတ်ကြီးကလည်း ဒါလေးတစ်ခုကျတော့ လဲထားတယ်ကွာ၊ စိမ့်သာ ဟံသာတမှာ ဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲနော်လို့"

"စိမ့်သာ ဟံသာတမှာဆို ကိုမြင့်ဇော်ကြီးကလည်း ဟံသာတကိုပဲ ရောက်နေမှာ မဟုတ်လား"

"ဒါပေါ့ မိလွင်ရ..."

"အဲဒါကြောင့် တောင် တစ်ယောက်၊ မြောက်တစ်ယောက် ရောက်သွားတာ သိလား"

"ဘယ်လို ဘယ်လို မိလွင်"

"ဟုတ်တယ်လေ... တာဝန်နှင့် ဝတ္တရားကျေနိုင်ပါတော့ မလား စဉ်းစားကြည့်လေ၊ သူ့ကိုအားကိုး မိတဲ့ အင်ပူကလူတွေ ကျန်းမာရေးအတွက် ရင်လေးစရာပါပဲတော်"

"အဟဲ...ဟဲ...ဟဲ"

မြင့်ဇော်က မေလွင်

၏ စကားအဆုံးတွင် သွားများပေါ်အောင် ရယ်လိုက်သည်။

"ကိုမှန်ကြောင်ကြီးလည်း သတိထား"

"ငါက ဘာသတိထားရမှာလဲ မေလွင်ရ"

"ထားဝယ်ကနေ ကော့သောင်း... ကော့သောင်းကနေ ရနောင်းဘက် ကူး, ကူးပြီးလည်း မနေနဲ့ဦး တော်ကြာ..."

"တော်ကြာ ဘာဖြစ်သလဲ"

"မေလွင်နော်...မေလွင်၊ နင်တော်တော် သူများကို ဆိုရင် ပြောတယ်"

သူငယ်ချင်း တစ်သိုက် ရယ်မောပြောဆို ရွှင်မြူးနေကြသည်ကို ပွင့်ဖူးစံ၏ ဖခင်နှင့် အစ်ကိုဖြစ်သူက တစ်ဘက်စားပွဲမှနေ၍ ပြုံးကြည့်နေကြ၏ ။

"ဟော....လွိုင်ကော် ဟဲဟိုးခရီးသည်ခေါ်ပြီ ပွင့်"

"အေး ... ဟုတ်တယ်"

အားလုံး ထိုင်ရာက ထ,လိုက်ကြသည်။

"သူငယ်ချင်းတို့ ဘယ်ကိုပဲရောက်ရောက် တစ်ယောက်ကိုတစ်ယောက် မမေ့စတမ်းနော်"

"အေးပါ... ပရင်းဆက်ရယ်"

"ဒါတင်မကသေးဘူး၊ မူလရည်ရွက်ချက် မဖျက်ဘဲ အမ်အက်စီလည်း အတူတူဖြေကြရမှာနော်"

"စိတ်ချ ပရင်းဆက်၊ တို့ ဘာမှမမေ့ဘူး စိတ်ချ"

"ရည်ရွက်ချက်ချင်း တူသူတွေပါ ပွင့်ရယ်၊ စိမ့်တို့ မမေ့ပါဘူး"

"ကဲ.. သွားကြမယ်"

သူတို့အားလုံး လေဆိပ်အောက်ထပ်ဆီသို့ ဆင်းခဲ့ကြသည်။

ပွင့်ဖူးစံသည် ဖခင်၊ အစ်ကိုနှင့် သူငယ်ချင်းတစ်သိုက်ကို နှုတ်ဆက်ပြီး မျက်ရည်တွေဝဲလာကာ ပြည်တွင်းခရီးသွား အဆောင်ထဲသို့ လှစ်ခနဲ ဝင်ရောက်သွားတော့သည်။

ကျန်သူတွေလည်း တစ်ကယ်တမ်း ခွဲရပြီဆိုတော့ ဝမ်းနည်းပန်းနည်း ဖြစ်နေကြသည်။

♥ ♥ ♥